PARKVIEW
HEALTH LABORATORIES
lab.parkview.com

# အလယ်ခေါင် စွန့်သည့် သန့်ရှင်းသောဆီးကို စုဆောင်းခြင်း

ဓာတ်ခွဲခန်းပို့မည့် ဤဆီးနမူနာသည် တတ်နိုင်သမျှ သန့်ရှင်းရန် အရေးကြီးသည်။ နမူနာကို သင်စတင်မစုဆောင်းမီ ညွှန်ကြားချက်ကို ဂရုတစိုက်ဖတ်ရှုပေးပါ။ မေးမြန်းစရာရှိပါက ဓာတ်ခွဲခန်းမှ ကျွမ်းကျင်သူ သို့မဟုတ် နမူနာတောင်းသော သူနာပြုအား မေးမြန်းပါ သို့မဟုတ် ကျွန်ုပ်တို့၏ ဓာတ်ခွဲခန်း 260-266-1500 လိုင်းခွဲနံပါတ် 1 သို့ ဆက်သွယ်ပါ။

၁။ ဆီးမခံမီ သင့်လက်များကို ဆေးကြောပါ။

၂။ ဆီးထည့်မည့်ခွက်အဖုံးကို ဖွင့်ပါ။ "ပိုက်" ပါသော အဖုံးဘက်ခြမ်းကို ထောင်၍ ကောင်တာပေါ် အဖုံးကိုတင်ပါ။
**ညစ်ပေခြင်းမှကာကွယ်ရန် ခွက်ထဲ၊ အဖုံး သို့မဟုတ် ပိုက်ကို မထိပါနှင့်။**

၂။ သင့်ကိုယ်သင် အောက်ပါအတိုင်း တစ်ခါသုံးအဝတ်စအသစ်များဖြင့် သန့်ရှင်းရေးလုပ်ပါ-

| **ကျား-** | **မ-** |
|---|---|
| တစ်ခါသုံးအဝတ်စ အသစ်ဖြင့် ပန်းတံ/ကျားအင်္ဂါ၏ ထိပ်ကို တစ်ချက်တည်းပြောင်စင်အောင် သုတ်ပစ်ပါ။ နောက်ထပ် တစ်ခါသုံးအဝတ်စဖြင့် ထပ်မံလုပ်ဆောင်ပါ။ လိင်အင်္ဂါထိပ်ရှိ အရေပြားကို ဖြတ်ထားသူမဟုတ်လျှင် သန့်ရှင်းရေးမလုပ်မီ ထိပ်မှအရေပြားကို နောက်သို့ဆွဲ၍ ကိုင်ထားပါ။ | မအင်္ဂါနှုတ်ခမ်းကို ဖြဲပါ။ နှုတ်ခမ်းသားအတွင်းဘက် လိပ်နေသည့်နေရာများကို တစ်ခါသုံးအဝတ်စအသစ်ဖြင့် အရှေ့မှ အနောက်သို့ တစ်ချက်တည်းပွတ်ဆွဲပြီး သုတ်ပါ။ တစ်ခါသုံးအဝတ်စအသစ်တစ်ရွက် ထပ်ယူပြီး မအင်္ဂါ၏ လိပ်နေသောနေရာများကို နှံ့စပ်အောင် သုတ်ချပါ။ မအင်္ဂါနှုတ်ခမ်းကို ဆက်ဖြဲထားပါ။ |

၄။ အိမ်သာအိုးထဲသို့ ဆီးအနည်းငယ် တိုက်ရိုက်စွန့်ပါ။

၅။ ဆီးသွားခြင်းကို ရပ်ပြီး ဓာတ်ခွဲစမ်းသပ်မည့် ဆီးနမူနာယူရန်ခွက်ကို ကိုင်ထားပြီး ဆီးခံရန် ဆီးအဓိက စီးကျမည့်နေရာသို့ ခွက်ကို ရွှေ့ပါ။

၆။ အိမ်သာထဲသို့ ဆီးမသွားဘဲ ဆီးသွားခြင်းကို ရပ်ပါ။

၇။ ဆီးခွက်ကို အဖုံးဖုံးပါ။ တင်းကျပ်လုံခြုံအောင် ပိတ်ပါ။

၈။ ဆီးယူပြီးနောက် လက်များကိုဆေးကြောပါ။

၉။ ဆီးနမူနာကို လူနာ၏ တရားဝင်အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ နေ့စွဲနှင့် စုဆောင်းချိန်တို့နှင့်အတူ လေဘယ်ကပ်ရပါမည်။

**သတိ-**

**အညွှန်းလေဘယ်ကို အဖုံးမှ မဖယ်ရှားရ**
**လေဘယ်အောက်တွင် အပ်အချွန်ရှိသည်။**